# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ

**၁၃၄၆+**
သတ်ဖြတ်ခံရ

**၁၁၀၄၇+**
ဖမ်းဆီးခံခဲ့ရ

**၈၁၀၀+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၆၄+**
ဖမ်းဝရမ်းထုတ်ခံရ

**လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)**

# အကျဉ်းချုပ်

၂၀၁၆ ခုနှစ်တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်– မြန်မာနိုင်ငံ၏ အဖွဲ့အဝင်အဖွဲ့အစည်း ဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မြန်မာနိုင်ငံ၏ အကျဉ်းထောင်အခြေအနေနှင့် အရေးတကြီးပြုပြင်ရန်လိုအပ်သည့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ၎င်းတို့ အဓိကရှာဖွေတွေ့ရှိချက်များအနက် အကျဉ်းထောင်များထဲ လူဦးရေထူထပ်ခြင်းကြောင့် အကျဉ်းသားများ၏ ကျန်းမာရေးကို ယိုယွင်းပျက်ဆီးစေသည်။ အကျဉ်းသားများသည် ညှဉ်းပမ်းနှိပ်စက်ခံရခြင်းနှင့် လူမဆန်စွာ ပြုမူဆက်ဆံခြင်းတို့ကြောင့် အကျဉ်းချခံရစဉ် သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် AAPP မှ ထုတ်ပြန်ခဲ့သော "Activism and Agency" တွင်လည်း အမျိုးသမီးအကျဉ်းသူများ၏ အတွေ့အကြုံများဖြစ်သည့် လိင်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အလွဲသုံးစား ချိုးဖောက်မှုနှင့် နှောင့်ယှက်မှုများ အပါအဝင်အလားတူ တွေ့ရှိချက်များ ပါဝင်သည်။ ဆယ်စုနှစ်များတစ်လျှောက် မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းခံထားရသည့် အကျဉ်းသားများ လုံခြုံမှုမရှိပေ။ ဖေဖော်ဝါရီလမှစတင်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအပါအဝင် ထောင်နှင့်ချီသော အပြစ်မဲ့ အရပ်သားများသည် စစ်ကောင်စီ၏ ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံပြုမူခံနေရသည်။ AAPP ကဲ့သို့သောအဖွဲ့အစည်းများ တောင်းဆိုနေသော်လည်း စစ်အစိုးရသည် အကျဉ်းထောင် အခြေအနေများကို နိုင်ငံတကာ စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်အောင် အနည်းငယ်မျှ ပြုပြင်ပြောင်းလဲခြင်း မရှိပေ။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပထမဆုံးစစ်ကြောရေးတွင် နှိပ်စက်သတ်ဖြတ်ခြင်းခံရသည့် အလွတ်ဓါတ်ပုံသတင်းထောက်တစ်ဦးအပါအဝင် အကျဉ်းသားများအား ဥပဒေနှင့်မညီသော ဆက်ဆံမှုဆိုင်ရာ အထောက်အထားများ ပိုမိုထွက်ပေါ်လာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၀ ရက်တွင် တနိုင်ငံလုံး အတိုင်းအတာဖြင့် စစ်အာဏာသိမ်းမှု ဆန့်ကျင်ကြောင်း အသံတိတ်သပိတ်ပြုလုပ်သည့် နည်းတူ အင်းစိန်ထောင်အတွင်းမှ အကျဉ်းသား၊ အချုပ်သားများမှလည်း အိပ်ဆောင်အပြင်ဘက်သို့ မထွက်ခြင်းအားဖြင့် ညီညွတ်စွာ သပိတ်ဆင်နွှဲခဲ့ကြသည်။ ထောင်တွင်းအသံတိတ်သပိတ် ဦးဆောင်သောသူအကြောင်းအား စစ်မေးသောအခါ အကျဉ်းသားများသည် အာဏာရှင်ဆန့်ကျင်ရေး သီချင်းကို သီဆိုခဲ့ကြသည်။ စစ်အာဏာရှင်သည် အကျဉ်းသားများအား လုံးဝသတိလစ် မေ့မျောသည်အထိ အကြမ်းဖက်ရိုက်နှက်ခဲ့ပြီး ဆေးကုသခွင့်ငြင်းပယ်ခဲ့သည်။

အသံတိတ်သပိတ် ပြုလုပ်မှုကြောင့် ရိုက်နှက်ခံရသည့် ဒဏ်ရာများဖြင့် တိုက်ပိတ် ပြစ်ဒဏ်ခတ်ခံနေရသူများ၏ အခြေအနေ စိုးရိမ်နေရကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ ချုပ်မှ သတင်း ထုတ်ပြန်သည်။ AAPP မှကိုဘိုကြည်သည် “အောင်မြင်မှုမရှိသော စစ်အာဏာသိမ်းသည့်အချိန်မှစ၍ အကျဉ်းထောင်အခြေအနေသည် သိသိသာသာ ပို၍ဆိုးရွားလာကာ ညှဉ်းပန်းနှိပ်စက်မှုများကို အပြစ်ပေးအရေးယူခံရခြင်းမရှိဘဲ ဆက်လက်ကျူးလွန်နေသည်ဟု” ပြောခဲ့သည်။

အကျဉ်းထောင်များတွင် စနစ်တကျညှဉ်းပမ်းနှိပ်စက်မှုများကို ကျူးလွန်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီသည် အပြစ်မဲ့ပြည်သူများအား ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ထားပြီး ၎င်းတို့၏ ဂုဏ်သိက္ခာ၊ ဘေးကင်းရေးနှင့် သုခချမ်းသာများ ဆုံးရှုံးစေမည့် အခြေအနေများကို ထပ်မံဖြစ်ပေါ်စေသည်။ Human Rights Watch၊ BBC၊ New York Times နှင့် Associated Press တို့သည် အကျဉ်းထောင်နောက်ကွယ်ရှိ အရပ်သားများအပေါ် အာဏာသိမ်းစစ်တပ်မှ ကျူးလွန်ခဲ့သော ရက်စက်ယုတ်မာမှုများကို မှတ်တမ်းတင်ထားသည့် အဖွဲ့တွင် ပါဝင်သည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာရုံးမှ ဖော်ပြထားသော အကျဉ်းသားများအား ကုသရေးဆိုင်ရာ အခြေခံမူများအရ 'အကျဉ်းသားအားလုံးကို ၎င်းတို့၏ မွေးရာပါ ဂုဏ်သိက္ခာနှင့် လူသားအဖြစ် တန်ဖိုးထားခြင်းကြောင့် လေးစားမှုဖြင့် ဆက်ဆံရမည်' ဟု ရှင်းလင်းစွာ ဖော်ပြထားသည်။ အကျဉ်းသားများ၏ အခွင့်အရေးကို တရားမဝင်အာဏာသိမ်းစစ်တပ်မှ ကာကွယ်ရန် ပျက်ကွက်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများ အရေးယူတုန့်ပြန်ဆောင်ရွက်ရန်၊ ဥပဒေအထက်မည်သူမှမရှိရန်နှင့် ဖမ်းဆီးထိန်းသိမ်းထားသူများ၏ အသက်ကိုကာကွယ်ရန် နိုင်ငံတကာအသိုင်းအဝိုင်းတွင် တာဝန်ရှိသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ကရင်ပြည်နယ်

ဆောင်းရာသီတွင် အကြမ်းဖက်စစ်တပ်၏ တိုးချဲ့စစ်ဆင်တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင် နေရသည့် ကရင်စစ်ဘေးရှောင် ၈၀၀၀၀ ကျော်သည်အနွေးထည်နှင့် ခြုံစောင်များလိုအပ်နေသည်။ စစ်အာဏာရှင်သည် ကရင်လူမျိုးများအပေါ် ဆယ်စုနှစ်များစွာ ရက်စက်ကြမ်းကြုတ်သော စစ်ဆင်ရေးများတွင် ပြေလျော့သွားခြင်းမရှိပါ။ ဒီဇင်ဘာ ၁၅ ရက်နေ့ ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ ၆ ထိန်းချုပ်ရာနယ်မြေ လေးကေကော်မြို့သစ်ကို တပ်အင်အား ၂၀၀ ကျော်ကျူးကျော် ဝင်ရောက်ခဲ့သည်။ တိမ်းရှောင်သူတက်ကြွလှုပ်ရှားသူ ဒါဇင်နှင့်ချီအဖမ်းခံခဲ့ရသောကြောင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် KNLA စစ်ရေးတင်းမာမှုဖြစ်ပွားခဲ့ပြီး တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် မတည်ငြိမ်မှုများကို တိုးစေခဲ့သည်။ ကရင်သတင်းစဉ်၏ သတင်းအရ ဒေသခံကာကွယ်ရေးတပ်များ ပုန်းခိုမည်ထင်ရသော နေရာများသို့ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သည်။ တင်းမာမှုများသည် ဒီဇင်ဘာလ ၁၄ ရက်စတင်ခဲ့ပြီး ဒေသခံများစတင်ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ အရပ်သားများတည်ရှိရာ ဧရိယာများသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒေသခံများထောင်နှင့်ချီ၍ ထပ်မံထွက်ပြေးခဲ့ရသည်။ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် မယ်တော်သလေးကျေးရွာအနီးတွင် တိုက်ပွဲများ ထပ်မံဖြစ်ပွားခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့များမှ သတင်းထုတ်ပြန်ထားသည်။ အာဏာသိမ်းစစ်တပ်မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပို့ ဆောင်ရန် လိုအပ်သော အဓိကလမ်းကြောင်းများကိုတားဆီးပိတ်ဆို့ထားသည်။

## ကယားပြည်နယ်

ကယားပြည်နယ်မှ စစ်ဘေးရှောင်များသည် မတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် စားဝတ်နေရေးအတွက် စိုးရိမ်ပူပန်နေကြရသည်။ လက်ရှိဖြစ်ပွားနေသောတိုက်ပွဲများနှင့် စစ်ရေးလှုပ်ရှားနေသော အကြမ်းဖက်တပ်မတော်ကြောင့် ဒေသခံများသည် ရွာနှင့်အဝေးသို့ထွက်ကာ ဝင်ငွေရသောလုပ်ငန်းများကို မလုပ်ကိုင်နိုင်ပေ။ စိုက်ပျိုးရေးဖြင့်အသက်မွေးဝမ်းကြောင်းပြုနေသော ဒေသခံများသည် စိုက်ခင်းများတွင်း သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိသောကြောင့် ရိတ်သိမ်းရန်နှင့် ဝင်ငွေရသည့်လမ်းကြောင်းများကို ဆုံးရှုံးခဲ့ရသည်။

စစ်ပြေးဒုက္ခသည်များအတွက် လူသားချင်းစာနာသော အကူအညီ သယ်ယူပို့ဆောင်ရန် လမ်းကြောင်းများကိုတရားမဝင် အာဏာသိမ်းစစ်တပ်မှ ပိတ်ပင်ထားဆီးသောကြောင့် အခြေအနေကို ပို၍ ဆိုးဝါးစေသည်။ အရပ်သားပြည်သူများခိုလှုံလေ့ရှိသော ဘုရားကျောင်းများနှင့် ဘုန်းကြီးကျောင်းများတွင် စစ်တပ်မှ အစားထိုးနေရာယူ စခန်းချနေသည်။ ဆောင်းရာသီဝင်ရောက်လာသော်လည်း စစ်ဘေးရှောင်များသည် ရွေးချယ်စရာမရှိဘဲ ခက်ခဲသော အခြေအနေများဖြင့် တောတောင်ထဲတွင် ဘေးကင်းလုံခြုံရေးအတွက် တိမ်းရှောင်နေရသည်။

ကရင်နီလူ့အဖွဲ့အစည်းကွန်ရက်၏ အဆိုအရ ကယား (ကရင်နီ) ပြည်နယ်တွင် အာဏာသိမ်းစစ်တပ်ကြောင့် အဆောက်အဦးပေါင်း ၄၀၀ ကျော်ပျက်ဆီး ဆုံးရှုံးခဲ့ရသည်။ နိုဝင်ဘာလ ၅ ရက်နေ့နှင့် ဒီဇင်ဘာလ ၅ ရက်အတွင်း အရပ်သား ၁၅၀၀ ကျော်ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

## စစ်ကိုင်းတိုင်း

ဒီဇင်ဘာလ ၁၃ ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် အိမ်ခြေပေါင်း ၁၀၀ ကျော် ကို စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့သည်။ စစ်တပ်၏ ရည်ရွယ်ချက်ဖြင့်မီးရှို့မှုကြောင့် ဒေသခံရာနှင့်ချီ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ မီးလောင်ကျွမ်းမှုကြောင့် နေအိမ် ၁၀၀ ကျော်မီးလောင်ပျက်ဆီးခဲ့ကြောင်း ရွာသို့ပြန်လာသည့် ကျေးရွာသားများမှတဆင့်သိရှိရသည်။ အာဏာသိမ်းစစ်တပ်တပ်သည် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ PDF များအပါအဝင် ဒီမိုကရေစီရေးလှုပ်ရှားမှုနှင့် ပတ်သက်ဆက် နွယ်သောသူများကို ဆက်လက်ပစ်မှတ်ထားတိုက်ခိုက်ဆဲဖြစ်သည်။ အာဏာသိမ်းစစ်တပ်မှ ဒေသခံနှစ်ဦးကို ဓားစားခံအဖြစ်ဖမ်းဆီးထားပြီး စာသင်ကျောင်းကိုလည်း ဖျက်ဆီးခဲ့သည်။

ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့်ပစ်ခတ်ခဲ့သည်။အိမ်များအတွင်းရှိ အစားအသောက်များကို အကြမ်းဖက်စစ်သားမှ စားသောက်ခဲ့သည်။ ပျက်ဆီးဆုံးရှုံးခဲ့သည့်နေ အိမ်များသို့ ပြန်လာခဲ့သော ဒေသခံများသည်အကြမ်းဖက်စစ်တပ်၏ စစ်အင်အားတိုးမြှင့်မှုတို့ကြောင့် ထပ်မံထွက် ပြေးခဲ့ရသည်။ နောက်ထပ်စိုးရိမ်စရာအခြေအနေတစ်ခုမှာ စစ်ကိုင်းတိုင်းဒေသအတွင်းရှိ သတင်းများကိုတင်ဆက်နေသော ဒေသအခြေစိုက် သတင်းထောက်တစ်ဦးဖမ်းဆီးခံခဲ့ရပြီး ဖမ်းဆီးခံရချိန်မှစ၍ မည်သို့ အခြေအနေရှိသည်ကို မသိရှိရသေးပေ။

တိုက်ပွဲများဖြစ်ပွားပြီးနောက် ကျေးရွာတွင်းသို့ ပြန်လာသော ရွာသား ၃ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးကာအနီးကပ်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ရုပ်အလောင်းကိုတွေ့ရှိခဲ့ရသည်။ "သူတို့က လူစိတ်မရှိတော့ဘူး။ အဓိကကတော့ မြင်ရင်သတ်မယ်ဆိုတဲ့ရည်ရွယ်ချက်ဘဲ"ဟု ခွဲခြားမှုမရှိဘဲ သတ်ဖြတ်နေမှုအပေါ် ကျေးရွာသားတစ်ဦးမှ ပြောကြားခဲ့သည်။

*“အကျဉ်းဦးစီးဌာနက ဝန်ထမ်းတွေဟာ ညှဉ်းပန်းနှိပ်စက်မှုကို စိတ်ပါလက်ပါ ကျူးလွန်နေပါတယ်။ ခြုံပြောရရင် စစ်အုပ်စု လက်ထက် အကျဉ်းထောင်အခြေအနေကကို ဆိုးရွားလာနေပါတယ်၊ ဒီအတွက် အကျဉ်းဦးစီး ဝန်ထမ်းအဆင့်ဆင့် က တချိန်ချိန်မှာ တာဝန်ခံရပါမယ်”*

*ကိုဘိုကြည်– နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဖက်အတွင်းရေးမှူး*




*ဓါတ်ပုံ ။ ရန်ကုန်မြို့ရှိ အင်းစိန်ထောင်။ ရောဂတီသတင်းဌာန*
*Source: Reuters*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၁၃ ရက်နေ့

လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့HRW မှ အထိခိုက်နိုင်ဆုံးသော ရွှေ့ပြောင်းနေထိုင်သူများအတွက်အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရင်းအမြစ်များနှင့် အကူအညီများကို ဆက်လက်ပိတ်ဆို့ထားမှုအပေါ် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အသက်ကယ်ဆယ်ရေးဆိုင်ရာ ထောက်ပံ့မှုကို ငြင်းပယ်ခြင်းကြောင့် ဒေသခံ ပြည်သူများအတွက် အခြေအနေကို ဆိုးရွားစေခဲ့သည်။

## ဒီဇင်ဘာ ၁၄ ရက်နေ့

မြန်မာနိုင်ငံတွင် အလွတ်ဓါတ်ပုံသတင်းထောက် ကိုစိုးနိုင်အား စစ်ကောင်စီမှ ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတစ်ဝန်း အသံတိတ်ဆန္ဒပြခြင်းကို သတင်းဓာတ်ပုံရိုက်ယူနေချိန် စစ်ကောင်စီမှ ဖမ်းဆီးကာ စစ်ကြောရေးစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းမှ သတင်းထောက် ၁၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

## ဒီဇင်ဘာ ၁၅ ရက်နေ့

ကရင်ပြည်နယ် လေးကေကော်မြို့သစ်တွင် အကြမ်းဖက်စစ်တပ်မှ ထွက်ခွာရန် ငြင်းဆိုခဲ့သောကြောင့် အကြမ်းဖက်စစ်တပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအပါအဝင် တက်ကြွလှုပ်ရှားသူ ၃၀ ထက်မနည်း ဖမ်းဆီးခံခဲ့ရသည်။

## ဒီဇင်ဘာ ၁၆ ရက်နေ့

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ အဆိုအရ လေးကေကော်၊ ထီးမဲဝါး၊ ရသေ့ဂူ၊ ပဟိကလော်နှင့် မယ်တော်သလေး ကျေးရွာမှ ဒေသခံ ၄၀၀၀ ကျော်သည် မယ့်ဝါးခီးနှင့် ဖလူး ကျေးရွာများတွင် တိမ်းရှောင်ခဲ့ရသည်။

# နေ့စွဲအလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၁၇ ရက်နေ့

စစ်ကောင်စီကို ရန်ပုံငွေထောက်ပံ့နိုင်သည့် ကုမ္ပဏီများထဲတွင် Graff၊ Bulgari၊ Van Cleef & Arpels နှင့် Sotheby's တို့ပါဝင်သည်ဟု Global Witness ကမ်ပိန်းအဖွဲ့မှ ဆိုသည်။

## ဒီဇင်ဘာ ၁၈ ရက်နေ့

အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများနေ့တွင် မြန်မာနိုင်ငံရှိ ထောင်နှင့်ချီသော ပြည်သူများသည် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် အိမ်နီးချင်းနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် နှင့် ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့်နေ့အဖြစ် စိမ်မချမ်းသာဖွယ် မှတ်သားခဲ့ရသည်။

## ဒီဇင်ဘာ ၁၉ ရက်နေ့

စစ်အာဏာရှင်တို့၏ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် စစ်ဘေးရှောင် ဒုက္ခသည်များနှင့် ဒုက္ခသည်များအတွက် လူသားချင်းစာနာမှု အကူအညီများ အရေးပေါ် အကူအညီပေးရန် အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ပန်ကြားထားသည်။ ကရင်ပြည်နယ်တွင် အကြမ်းဖက်မှုများကြောင့် ထွက်ပြေးလာသည် ဒုက္ခသည်များကို ထိုင်းအာဏာပိုင်များမှ ပြန်ပို့ခဲ့သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma